**ဖိုကိုလာရေလှုပ်ရှားမှု**

**အသက်ပေးသည့်**
**နှုတ်တော်ထွက်စကား**

မတ်လ ၂၀၁၈

**“အိုထာဝရဘုရားသခင်၊ ကိုယ်တော်၏လမ်းတော်များကိုသိရှိရန် အကျွန်ုပ်အား ညွှန်ပြပေးတော်မူပါ။”**
**(ဆာလံ ၂၅း၄)**

ပရောဖက်တစ်ပါးလည်းဖြစ်သောဒါဝိတ်မင်းကြီးသည် ဤဆာလံကျမ်းကိုရေးသားခဲ့ချိန်က သူ၏ရန်သူများကြောင့် စိုးရိမ်ပူပန်ခြင်းနှင့် စိတ်ဆင်းရဲခြင်းကြီးစွာခံစားနေရချိန်ဖြစ်သည်။ ပြင်းပြသောယခုလိုအခြေအနေမျိုးမှ လွတ်မြောက်စေဖို့ သူသည်လမ်းစရှာဖွေသော်လည်း မိမိအစွမ်းအစဖြင့်မည်သို့မျှမတတ်နိုင်ကြောင်း သိမြင်ခဲ့ပါသည်။ ထို့ကြောင့် သူသည် အစ္စရေးလူမျိုးတို့၏ဘုရားသခင်၊ သူ့လူမျိုးတော်တို့ကို အစဉ်အမြဲကွယ်ကာပေးတော်မူသောအရှင်ကို မျှော်လင့်တကြီး ကိုးစားလျက် ကူညီမစတော်မူရန် အသနားခံတောင်းလျှောက်ခဲ့ပါသည်။ ယခုလအတွက် အသက်ပေးသည့်နှုတ်တော်ထွက်စကားက ဘုရားသခင်၏လမ်းတော်များကို သိရှိစေရန်တောင်းလျှောက်ခြင်း၊ အထူးသဖြင့် အခက်အခဲနှင့်ရင်ဆိုင်နေရသောအချိန်ကာလများတွင် အလင်းကျေးဇူးရရှိခဲ့သော သူပြုခဲ့သည့်ရွေးချယ်မှုများကို အလေးပေးဖော်ပြပါသည်။

**“အိုထာဝရဘုရားသခင်၊ ကိုယ်တော်၏လမ်းတော်များကိုသိရှိရန် အကျွန်ုပ်အား ညွှန်ပြပေးတော်မူပါ။”**

တစ်ခါတစ်ရံ ကျွန်ုပ်တို့သည်လည်း မိမိအသက်တာတစ်ခုလုံးနှင့်သက်ဆိုင်သည့် အကောင်းအဆိုးကို ပြတ်ပြတ်သားသားရွေးချယ်ရဖို့ ကြုံရတတ်ပါသည်။ ရွေးချယ်စရာလမ်းများစွာအကြားမှ မည်သည့်လမ်းသည် အကောင်းဆုံးဖြစ်သည်ကိုအသေအချာမသိခြင်းမျိုးလည်း ဖြစ်တတ်ပါသည်။ မည်သည့်လမ်းစမှ မမြင်နိုင်သည့်အလား ခံစားကြရသည့်အချိန်များလည်းရှိသည်။ ရှေ့ဆက်ပြီးလမ်းစရှာလိုစိတ်ရှိခြင်းက လူသားစင်စစ်ပင်ဖြစ်ပြီး တစ်ခါတစ်ရံ ကျွန်ုပ်တို့၏မိတ်ဆွေသူငယ်ချင်းများထံမှ အကူအညီတောင်းခံဖို့လည်းလိုအပ်ပါသည်။ ခရစ်ယာန်ယုံကြည်ခြင်းသည် ကျွန်ုပ်တို့အား ဘုရားသခင်နှင့် ရင်းနှီးကျွမ်းဝင်လာစေသည်။ ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့ကိုချစ်တော်မူသော အဖခမည်းတော်ဖြစ်သည်။ ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့အကြောင်းထိုးထွင်းသိမြင်လျက် လျှောက်လှမ်းရာလမ်းခရီးတစ်လျှောက်တွင် အတူလျှောက်လှမ်း အဖော်ပြုလိုပါသည်။

နေ့စဉ်နှင့်အမျှ ကျွန်ုပ်တို့၏လမ်းပြသံလိုက်အိမ်မြှောင်သည် ဘုရားသခင်အတွက်နှင့် သူ၏သားသမီးများအားလုံးအတွက် အတ္တကင်းသောချစ်ခြင်းမေတ္တာထားရှိဖို့ ကျွန်ုပ်တို့တစ်ဦးချင်းစီအား ဖိတ်ခေါ်လျက်ရှိပါသည်။ လမ်းကြောင်းများနှင့်လမ်းစများက အခြားခရီးသွားများနှင့်ဆုံတွေ့ရန်အခွင့်အရေးများပင်ဖြစ်ပြီး ပန်းတိုင်သစ်များကိုပင်တွေ့ရှိကာ ပြန်လည်၍လည်းမျှဝေနိုင်ပေမည်။ ခရစ်ယာန်များသည် မည်သည့်အခါမျှ တစ်ဦးတစ်ယောက်တည်း သီးခြားကျန်ရစ်မနေဘဲ အဖခမည်းတော်ဘုရား၏ လူသားထုအတွက်စီမံကိန်းတော် ပြီးပြည့်စုံစေရန်ရှေ့ရှုလျက် အတူတကွခရီးနှင်နေကြပါသည်။

ဘုရားသခင်၏စီမံကိန်းတော်ဖြစ်သည့် တစ်လောကလုံးစည်းလုံးညီညွတ်ခြင်း၊ ချစ်ခြင်းမေတ္တာအရင်းခံသော လူ့ဘောင် ယဉ်ကျေးမှုကြီးဖော်ဆောင်ရန် လူအားလုံးသို့ သခင်ယေဇူးပြောလည်းပြော၊ လုပ်လည်းလုပ်ပြခဲ့ပါသည်။

**"အိုထာဝရဘုရားသခင်၊ ကိုယ်တော်၏လမ်းတော်များကိုသိရှိရန် အကျွန်ုပ်အား ညွှန်ပြပေးတော်မူပါ။"**

ဘုရားသခင်၏နည်းလမ်းများမှာ စွမ်စွမ်းတမံရှိလုပြီး အချိန်တိုင်းမှာလည်း ကျွန်ုပ်တို့အနေဖြင့် လုပ်နိုင်လိမ့်မည် ဆိုသည့် ခံစားချက်ထက်ပင်ပိုပါသည်။ ယင်းက ကျောက်ဆောင်နံရံနှစ်ခုအကြားသွယ်တန်းထားသော ကြိုးတံတားနှင့် တူပါသည်။ ၄င်းတို့က ကျွန်ုပ်တို့၏တစ်ကိုယ်ကောင်းအကျင့်စရိုက်များ၊ မလိုမုန်းထားစိတ်နှင့် မာန်ထောင်လွှားခြင်းတို့ ကိုစိမ်ခေါ်လျက်ရှိပြီး အပြန်အလှန်ဆွေးနွေးဖလှယ်ပြောဆိုဖို့၊ ရင်ဆိုင်တွေ့ဆုံဖို့နှင့် အများအကျိုးအတွက် စွဲမြဲစွာ ပေးဆက်ဖို့အခွင့်အရေးများကို ဖန်တီးပါသည်။ ထိုအရာများအပြုမိရေးဦးစွာ ထာဝရသစ်လွင်နေသော ချစ်ခြင်းမေတ္တာ ထားရှိဖို့တောင်းဆိုလျက်ရှိပြီး ယင်းက ခွင့်လွှတ်ခြင်းလည်းဖြစ်နိုင်ပါသည်။ အကြောင်းမှာ ဘုရားသခင်၏ချစ်ခြင်းမေတ္တာ ကျောက်ဆောင်ပေါ်တည်ဆောက်ထားသည့်အပြင် ကျွန်ုပ်တို့ယုံကြည်အားထားရာလည်းဖြစ်သောကြောင့်တည်း။

ထိုထာဝရသစ်လွင်သောချစ်ခြင်းမေတ္တာကို တရားမျှတမှု၊ တည်ငြိမ်အေးချမ်းသောဆက်ဆံရေးများအား လူအများ နှင့် တိုင်းနိုင်ငံများအကြား တည်ဆောက်နိုင်ခြင်းမရှိဘဲ ကျွန်ုပ်တို့မထားနိုင်ပေ။ ရိုးစင်းပြီးစစ်မှန်သောစိတ်ရင်းစေတနာ အားဖြင့်လည်းကောင်း၊ ချစ်ခြင်းမေတ္တာနှင့်လုပ်ဆောင်ခဲ့ခြင်းဖြင့်လည်းကောင်း သက်သေပြခဲ့ခြင်းသည်ပင်လျှင် အခြားသူ များအား သူတို့ရှေ့ဆက်လျှောက်လှမ်းရမည့်လမ်းအတွက် အလင်းပေးနိုင်ပါသည်။ နိုင်ဂျီးရီးယားနိုင်ငံတွင်ပြုလုပ်ခဲ့သော အစည်းအဝေးတစ်ခု၌ ကလေးရော လူကြီးများပါ သမ္မာကျမ်းစာတော်မြတ်အတိုင်း ချစ်ခြင်းမေတ္တာထားရှိမှုအတွေ့အကြုံ များကိုမျှဝေခဲ့ကြပါသည်။ **မာယာ** ဆိုသောကလေးမလေးတစ်ဦးက သူမ၏အတွေ့အကြုံကိုပြောပြခဲ့ပါသည်။"မနေ့က သမီးတို့ကစားနေကြတုန်း ကောင်းလေးတစ်ယောက်က သမီးကိုတွန်းပစ်လိုက်တဲ့အတွက် လဲသွားပါတယ်။ သူက တောင်းပန်ပါတယ် လို့ပြောလာတဲ့အတွက် သမီးလည်းသူ့ကိုခွင့်လွှတ်လိုက်ပါတယ်။" အဆိုပါစကားလုံးလေးများက ဘိုကိုဟာရမ်သူပုန်များသတ်ဖြတ်မှုကြောင့် ဖခင်ဖြစ်သူသေဆုံးသွားသော အမျိုးသားတစ်ဦး၏နှလုံးသားကို တို့ထိစေခဲ့ပါ သည်။ "ကျွန်တော် **မာယာ** ကိုကြည့်လိုက်ပါတယ်။ သူမလိုကလေးမလေးက ခွင့်လွှတ်နိုင်တယ်ဆိုရင်၊ ဆိုလိုတာက ကျွန်တော်လည်းဒီလိုပဲလုပ်နိုင်တာပဲ"။

**"အိုထာဝရဘုရားသခင်၊ ကိုယ်တော်၏လမ်းတော်များကိုသိရှိရန် အကျွန်ုပ်အား ညွှန်ပြပေးတော်မူပါ။"**

အကယ်၍ ကျွန်ုပ်တို့၏လမ်းခရီးအတွက် သေချာသည့်လမ်းပြတစ်ဦးထံ ယုံကြည်စိတ်ချစွာဖြင့် အပ်နှံလိုကြသည် ဆိုလျှင် သခင်ယေဇူးမိန့်တော်မူခဲ့သည့် "ငါသည်လမ်းခရီးဖြစ်၏. . ."(ယောဟန်၁၄း၆) ဆိုသောစကားကိုသတိရကြပါစို့။ ၁၉၈၉ခုနှစ်က ဆန်တီယားကို ဒီကွန်ပိုစတဲလာတွင်ကျင်းပခဲ့သော ကမ္ဘာ့လူငယ်များနေ့အတွင်း ကယားရာလူးဘစ်က လူငယ်ထုသို့ အားပေးတိုက်တွန်းပြောကြားခဲ့ရာတွင် "သူ့ကိုယ်သူ 'လမ်းခရီး'အဖြစ်ဖော်ပြခြင်းဖြင့် သခင်ယေဇူးက ကျွန်ုပ် တို့သည်လည်း သူပြခဲ့သည့်လမ်းစဉ်အတိုင်း နာယူလိုက်လျှောက်ကြရမည်ဖြစ်ကြောင်း ပြောနေခြင်းဖြစ်သည်။ ထို့ကြောင့် သခင်ယေဇူးလိုက်လျှောက်ခဲ့သည့်လမ်းအမည်မှာ ချစ်ခြင်းမေတ္တာလမ်းဟု ပြော၍ရပါသည်။ သခင်ယေဇူး ဤလောကသို့ ဆောင်ယူလျက် သက်ရှင်လိုက်လျှောက်ခဲ့သော၊ သခင်ကိုယ်တော်တိုင် ပြင်းပြလောင်မြိုက်သော ထိုချစ်ခြင်းမေတ္တာတော် သည် ထူးခြားလျက်တုနှိုင်းမဲ့ဖြစ်ပါသည်။ သို့သော် ကျွန်ုပ်တို့သည် မည်သူ့ကိုချစ်ရမည်နည်း။ ဦးစွာပထမ ဘုရားသခင် ကိုချစ်ရမည်မှာ ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်။ ထို့နောက် မိမိတို့နှင့်နီးစပ်သောသူ၊ နီးစပ်သောသူတိုင်းကိုချစ်ရမည်။ နံနက်မိုးလင်း အိပ်ယာမှနိုးထချိန်မှ ညအိပ်ယာဝင်သည်အထိ ကိုယ်နှင့်နီးစပ်သောသူနှင့် ဆက်ဆံရေးတိုင်းသည် ထိုချစ်ခြင်းမေတ္တာအားဖြင့်ဖြစ်သင့်ပါသည်။ အိမ်၌ရှိနေသည်ဖြစ်စေ၊ တက္ကသိုလ်ကျောင်း၌ဖြစ်စေ၊ အလုပ်ခွင်၌ဖြစ်စေ၊

အားကစားကွင်း၌ဖြစ်စေ၊ အားလပ်ရက်ခရီးသွားနေသည်ဖြစ်စေ၊ ဘုရားကျောင်း သို့မဟုတ် လမ်းပေါ်တွင်ဖြစ်စေ ချစ်ခြင်းမေတ္တာပြဖို့အတွက် ကျွန်ုပ်တို့သည် အခွင့်အရေးကိုအသုံးချသင့်ပါသည်။ ကိုယ်နှင့်နီးစပ်သူအား သခင်ယေရှုအဖြစ်ရှုမြင်ပြီး ဘယ်သောအခါမျှလျစ်လျူရှုခြင်းမပြုပါနှင့်။ အမှန်အားဖြင့် မိမိမှ ဦးစွာမေတ္တာပြသူဖြစ်ရပါမည်။ ဆိုလိုသည်မှာ အတတ်နိုင်ဆုံး အခြားသူတို့၏စိတ်နှလုံးအတွင်းကျကျတိုင်အောင်ချဉ်းကပ်လျက် သူတို့၏ပြဿနာများ၊ လိုအပ်ချက်များ၊ အခက်အခဲများအား စစ်မှန်သောနားလည်မှုပေးသည့်အပြင် ၎င်းတို့၏ဝမ်းမြောက်ပျော်ရွှင်မှုမှအစ အရာရာတိုင်းတွင် မျှဝေခံစားပေးနိုင်ပါသည်။ ဤသို့အားဖြင့် ဘုရားဇာတိလည်းရှိသော ချစ်ခြင်းမေတ္တာရှင်သခင်ယေရှု နည်းတူ ကျွန်ုပ်တို့သည်လည်း အခြားသူတစ်ဦးအဖြစ်ကိုယ်ချင်းစာတတ်ကြရပေမည်။ ထို့နောက် ကျွန်ုပ်တို့နှင့်စပ်ဆိုင် သောသူများသည်လည်း တစ်စုံတစ်ယောက်က သူတို့၏ဝန်ထုတ်ဝန်ပိုးများနှင့် နာကျင်ခံစားရမှုများကို ကူညီခံထမ်းပေခြင်း၊ သူတို့၏အခက်အခဲများကို မျှဝေခံစားပေးခြင်းတို့ကြောင့် စိတ်သက်သာရာရခြင်းနှင့် အားပေးမှုကိုခံစားကြရပေမည်။ ကိုယ်မဟုတ်သည့်တစ်ပါးသူအဖြစ် ရှင်သန်နေထိုင်ခြင်း၊ အခြားသူများအဖြစ်ရှင်သန်ခြင်း ဆိုသည်မှာ ကြီးမြတ်လှသော စံထားလောက်သည့် အသက်တာလမ်းစဉ်၊ အံ့သြဖွယ်ရာပင် ဖြစ်ပါတော့သည်။

Letizia Magri